## နိဒါန်း

*မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီးပေါ်ရှိ ဖန်ဆင်းခြင်းခံရသော အရာအားလုံးအား ခရစ်တော်၏ဦးဆောင်မှုအောက်တွင်ရောက်ရှိစေရန် ဘုရားသခင်၏ စီမံကိန်းတော်ရှိကြောင်း **ဧဖက်ဆု**စာစောင်တွင် ရှေးဦးစွာ ဖော်ပြပါရှိသည်။ (၁း၁၀)လူသတ္တဝါအားလုံးတို့သည် သခင်**ယေရှု**နှင့် တစ်လုံးတစ်ဝတည်းရှိခြင်းအားဖြင့် စည်းလုံးညီညွတ်ရေးတည်းဟူသော ကြီးမြတ်လှသည့် စီမံကိန်းတော်နှင့်အညီဘုရားသခင်၏လူမျိုးတော်က ပြုမူကျင့်ကြံကြရန်ပါရှိသည်။*

*ကျမ်းပြုသူသည် **ဧဖက်ဆု**အသင်းတော်ဝင်တို့ထံ ရေးသောစာစောင် ပထမပိုင်းတွင် အဖဘုရားသခင်က မိမိ၏လူမျိုးတော်အားမည်ကဲ့သို့ရွေးကောက်တော်မူသည်ကိုလည်းကောင်း၊ သားတော် **ယေရှု**ခရစ်တော်အားဖြင့် အခွင့်လွှတ်ခြင်းချမ်းသာရကြ၍၊ သူတို့၏အပြစ်များမည်ကဲ့သို့ဖြေလွှတ်တော်မူသည်ကိုလည်းကောင်း၊ဘုရားသခင်၏ကြီးမြတ်သော ကတိတော်ကို မှန်မြတ်သော ဝိညာဉ်တော်အားဖြင့်မည်ကဲ့သို့အာမခံတော်မူသည်လည်းကောင်း စည်းလုံးညီညွတ်မှုအကြောင်းကို တိုးချဲ့၍ ဖော်ပြလေသည်။ဒုတိယပိုင်းတွင်ကျမ်းဖတ်သူတို့အား ခရစ်တော်၌ တစ်လုံးတစ်ဝတည်းရှိခြင်းအဖြစ်ကို အတူတကွ အသက်ရှင်ခြင်း၌ အမှန်တကယ် လက်တွေ့ပြသကြရန် မေတ္တာရပ်ခံထားသည်။*

*ခရစ်တော်၌ တစ်လုံးတစ်ဝတည်းရှိခြင်းအားဖြင့် ဘုရားသခင်၏လူမျိုးတော်အချင်းချင်းစည်းလုံးညီညွတ်မှုရှိကြပုံကို ဥပမာစကားများအားဖြင့်ဖော်ပြထားလေသည်။ အသင်းတော်သည် ခန္ဓာကိုယ်နှင့်တူ၍ ခရစ်တော်သည် ဦးခေါင်းဖြစ်တော်မူခြင်း၊ သို့မဟုတ် အသင်းတော်သည် အဆောက်အအုံတစ်ခုနှင့်တူ၍၊ခရစ်တော်သည်ထောင့်ချုပ်ကျောက်ဖြစ်ခြင်းသို့မဟုတ် အသင်းတော်သည် ခင်ပွန်းရှိသည့်အမျိုးသမီးတစ်ဦးနှင့်တူ၍ခရစ်တော်သည်ခင်ပွန်းဖြစ်ခြင်း စသည်တို့ဖြစ်သည်။*

*ကျမ်းပြုသူသည် ခရစ်တော်အားဖြင့် ရရှိသော ဘုရားသခင်၏ ကျေးဇူးတော် အသိတရားလှုံ့ဆော်မှုဖြင့် စာရေးသူသည် ရေးသားဖော်ပြရာတွင် အထွဋ်အထိပ်သို့ ရောက်အောင် ရေးသားထားသည်။ ခရစ်တော်၏မေတ္တာတော်၊ယဇ်ပူဇော်ခြင်း၊အပြစ်ဖြေလွှတ်တော်မူခြင်း၊ကျေးဇူးတော်၊ ဖြူစင်သန့်ရှင်းတော်မူခြင်းစသည်တို့ကို နောက်ခံထား၍ ကျမ်းပြုသူသည်ရေးသားတင်ပြထားလေသည်။*

## *အကြောင်းအရာအကျဉ်းချုပ်*


| | |
|---|---|
| *-နိဒါန်း* | *၁း၁-၂* |
| *-ခရစ်တော်နှင့်အသင်းတော်* | *၁း၃-၃း၂၁* |
| *-ခရစ်တော်အားဖြင့်ရရှိသည့်ဘဝသစ်* | *၄း၁-၆း၂၀* |
| *-နိဂုံး* | *၆း၂၁-၂၄* |


## အခန်းကြီး (၁)

၁။ ဘုရားသခင်၏ အလိုတော်အရခရစ်တော်**ယေရှု**၏ တမန်တော်အဖြစ်ခန့်ထားခြင်းခံရသောငါပေါလုထံမှ **ဧဖက်**မြို့တွင် နေထိုင်ကြသော ခရစ်တော်**ယေရှု**နှင့် သစ္စာရှိစွာ တစ်လုံးတစ်ဝတည်း ဖြစ်ကြသောဘုရားသခင်၏လူမျိုးတော်အပေါင်းတို့ထံသို့ စာရေးလိုက်
၂။ ပါသည်။ ငါတို့၏အဖဘုရားသခင်နှင့်သခင်**ယေရှု** ခရစ်တော်သည် ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းကို သင်တို့အားပေးသနားတော်မူပါစေ။

### ခရစ်တော်၏ဝိညာဉ်ရေးဆိုင်ရာ ကောင်းချီးမင်္ဂလာများ ငါတို့သခင်ယေရှု၏ ခမည်းတော်ဘုရားသခင်အား ကျေး ဇူးတင် ချီးမွမ်းကြကုန်စို့။ အကြောင်းမူကား ကိုယ်တော်သည် ကောင်းကင်လောက၌ဝိညာဉ်ရေး ဆိုင်ရာ ကောင်းချီးမင်္ဂလာဟူသမျှကို ခရစ်တော်နှင့် တစ်လုံးတစ်ဝရှိသူတို့အား ပေးသနားတော်မူ သောကြောင့်တည်း။

၃။ ငါတို့သည် ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းရှိခြင်းအားဖြင့် ရှေ့တော်တွင် အပြစ်ဆိုဘွယ်မရှိဘဲ၊ သန့်ရှင်း မြင့်မြတ်သူများဖြစ်ကြစေရန်၊ ကမ္ဘာမတည်ရှိမီကပင် ငါတို့ကိုဘုရားသခင်ရွေးချယ်ထားတော်မူပေသည်။ဘုရားသခင်၏မေတ္တာတော်ကြောင့်၊
၄။ ငါတို့ကိုကိုယ်တော်၏ သားသမီးများ ဖြစ်ကြစေရန် ခရစ်တော် **ယေရှု**အားဖြင့် ရွေးကောက်တော်မူပြီးဖြစ်သည်။ ဤကားကိုယ်တော်၏ နှစ်လိုဖွယ်ရာနှင့် ဦးတည်ချက် ဖြစ်သည်။

၁

၅။ ကိုယ်တော်ချစ်မြတ်နိုးတော်မူသော သားတော်အား
ဖြင့်ငါတို့အား အခမဲ့ ပေးသနားတော်မူသည့် ဘုန်း
အသရေနှင့် ပြည့်စုံသောကျေးဇူးတော်အတွက် ငါ
တို့သည် ဘုရားသခင်အားချီးမွမ်းထောပနာပြုကြပါ
၆။ သည်။ ငါတို့သည် ခရစ်တော် အသေခံတော်မူခြင်း
ကြောင့်၊ မိမိတို့အပြစ်၏ အနှောင်အဖွဲ့မှလွတ်
မြောက်ကြရ၏။ တစ်နည်းအားဖြင့်ငါတို့၏အပြစ်
များအခွင့်လွှတ်ခြင်း ချမ်းသာကိုရကြ၏။ ငါတို့အား
ဘုရားသခင် ဤကဲ့သို့ရက်ရောစွာပေးတော်မူသည့်
ကျေးဇူးတော်သည်အလွန်ကြီးမြတ်လှပါသည်တကား။
၇။ ကိုယ်တော်သည် ခပ်သိမ်းသော ဉာဏ်ပညာ၊ အသိ
ပညာနှင့် ပြည့်စုံကြွယ်ဝတော်မူသည်နှင့်အညီ မိမိ
၈။ ရည်ရွယ်ချက်အတိုင်း ပြုတော်မူ၍ ခရစ်တော်အားဖြင့်
နက်နဲသော အကြံအစည်တော်ကို ငါတို့အား သိစေ
၉။ တော်မူပြီ။ ဤအကြံအစည်တော်ကား၊ အချိန်တန်
သောအခါ ခရစ်တော်အား ဦးစီးခေါင်းဆောင်ပြုစေ
လျက်၊ မိုးမြေ၌ရှိသမျှသော ဖန်ဆင်းခြင်းခံရာများကို
၁၀။ စုစည်းစေရန်ပင်ဖြစ်သတည်း။ ခပ်သိမ်းသောအရာ
တို့သည် ဘုရားသခင်၏ အကြံအစည်တော်နှင့်အညီ၊
ကိုယ်တော်ဆုံးဖြတ်တော်မူသည့်အတိုင်း ဖြစ်ပျက်ကြ
ရ၏။ ဘုရားသခင်သည် မိမိအလိုတော်အရ
ရွေးမဆွက ပြုတော်မူသည့် စီရင်ဆုံးဖြတ်ချက်ကို
အခြေခံ၍ ငါတို့အား ခရစ်တော်နှင့်တစ်လုံးတစ်ဝ
တည်းဖြစ်စေလျက် မိမိ၏ လူမျိုးတော်အဖြစ်ဖြင့်
၁၁။ ရွေးချယ်တော်မူပေသည်။ သို့ဖြစ်၍ ခရစ်တော်ကို
ဦးစွာ ပထမ၊ မျှော်လင့်ခဲ့ကြသောငါတို့သည် ဘုရား
သခင်၏ ဂုဏ်ကျက်သရေတော်ကိုချီးကျူးကြကုန်စို့။
၁၂။ သင်တို့လည်းကယ်တင်ခြင်းဆိုင်ရာ သတင်းကောင်း
တည်းဟူသောသမ္မာတရားတော်ကိုကြားကြရသောအ
ခါဘုရားသခင်၏ လူမျိုးတော်ဝင် ဖြစ်လာကြ၏။
သင်တို့သည် ခရစ်တော်ကို ယုံကြည်ကြ၍ ဘုရား
သခင်သည်မိမိကတိထားတော်မူသည့်မွန်မြတ်သောဝိ
ညာဉ်တော်ကိုပေးသနားတော်မူခြင်းအားဖြင့်သင်တို့
အား ကိုယ်တော်ပိုင်တော်မူကြောင်း တံဆိပ်ခတ်
နှိပ်တော်မူ၏။
၁၃။ ဝိညာဉ်တော်သည်ဘုရားသခင်၏ လူမျိုးတော်အား
ကတိထားတော်မူသည့်အတိုင်း၊ ငါတို့ ခံစားရမည်
ဖြစ်ကြောင်း အာမခံချက် ပေးတော်မူ၏။ သို့ဖြစ်၍
ဘုရားသခင်သည် မိမိပိုင်တော်မူသော သူတို့အား
လုံးဝလွတ်မြောက်စေတော်မူမည်ဖြစ်ကြောင်း ငါတို့
သည်ယုံကြည်စိတ်ချနိုင်ပေသည်။ ငါတို့သည်ကိုယ်
တော်၏ဂုဏ်ကျက်သရေတော်ကို ချီးကျူးထောပနာ
ပြုကြပါစို့။

## ပေါလု၏ဆုတောင်းပတ္ထနာ

၁၄။ ထို့ကြောင့် သင်တို့သည် သခင်**ယေရှု**၌ ယုံကြည်
ခြင်း၊ ဘုရားသခင်၏ လူမျိုးတော်အားလုံးကို
ချစ်ခင်ကြောင်းကို ကြားသိရသည့် အချိန်မှစ၍၊
၁၅။ ငါသည် သင်တို့ကိုအကြောင်းပြု၍ အစဉ်မပြတ်
ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ သင်တို့အတွက် ဆု
၁၆။ တောင်းပတ္ထနာပြုလျက်နေ၏။ သင်တို့သည်ဘုရား
သခင်ကိုသိကျွမ်း ခြင်းအလို့ငှါသင်တို့အား ဉာဏ်
ပညာကိုပေး၍ ဘုရားသခင်ကို ထုတ်ဖော်ပြမည့်
ဝိညာဉ်တော်ကိုသင်တို့ရရှိကြစေရန် ငါတို့သခင်
**ယေရှု**ခရစ်တော်၏ဘုရားသခင်၊ ဘုန်းကြီးတော်မူ
သောအဖခမည်းတော်ထံငါတောင်းခံပါ၏။
၁၇။ ကိုယ်တော်သည် သင်တို့အား မည်ကဲ့သို့သောမျှော်
လင့်ချက်အတွက် ခေါ်တော်မူသည်ကိုလည်းကောင်း၊
ကိုယ်တော်၏ လူမျိုးတော်အား ကတိထားတော်မူ
သော အံ့သြဖွယ်ရာ ကောင်းချီးမင်္ဂလာများမှာ မည်မျှ
၁၈။ လောက် များပြားသည်ကိုလည်းကောင်း၊ ယုံကြည်သူ
တို့၌ပြတော်မူသော တန်ခိုးတော်ကား မည်မျှလောက်
ကြီးမားသည်ကိုလည်းကောင်း၊ သင်တို့မြင်ကြစေရန်
သင်တို့၏ ဉာဏ်မျက်စိကို ပွင့်လင်းစေတော်မူပါ
မည့်အကြောင်း ငါဆုတောင်းပတ္ထနာပြု၏။ ထိုတန်ခိုး
၁၉။ တော်ကား၊ ခရစ်တော်ကို သေခြင်းမှ ရှင်ပြန်
ထမြောက်စေတော်မူခြင်းနှင့်ကောင်းကင်လောကတွင်
မိမိ၏လက်ယာတော်ဘက်၌ စံမြန်းစေတော်မူသော
အခါ ဘုရားသခင် ပြုတော်မူခဲ့သည့် တန်ခိုးပင်ဖြစ်
၂၀။ သတည်း။ ခရစ်တော်သည် ကောင်းကင် လောကကို
အစိုးရသူများ၊ အာဏာပိုင်များ၊ တန်ခိုးရှင်များနှင့်
အရှင်သခင်အပေါင်းတို့၏ အထွဋ်အထိပ် အဖြစ်ဖြင့်
အုပ်စိုးတော်မူ၏။ ကိုယ်တော်၏ နာမတော်သည်
မျက်မှောက်လောကနှင့် အနာဂတ်လောက၌ခေါ်ဝေါ်
သမုတ်နိုင်သော အထွဋ်အထိပ် ဘွဲ့နာမအပေါင်းတို့
ထက်ကြီးမြတ်တော်မူပေသည်။
၂၁။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို ခရစ်
တော်၏ခြေဖဝါးတော်အောက်တွင် ချထားတော်မူ၍

၂
ကိုယ်တော်အားအသင်းတော်အတွက်အထွဋ်အထိပ်
အရှင်သခင်အဖြစ်ခန့်ထားတော်မူ၏။
၂၂။ ထိုအသင်းတော်ကား အလုံးစုံတို့ကို ပြည့်ဝစုံလင်
ခြင်းဟူသော ပြည့်ဝစုံလင်သူခရစ်တော်၏ ကိုယ်ခန္ဓာ
ပေတည်း။

## အခန်းကြီး (၂)

## သေခြင်းမှအသက်ရှင်ခြင်းသို့

၁။ ယခင်အခါက သင်တို့သည် မနာခံမှုနှင့် အပြစ်
ဒုစရိုက်ကြောင့် ဝိညာဉ်ရေးအရ သေလျက် ရှိနေခဲ့
၂။ ကြ၏။ လောက၏ ဒုစရိုက် လမ်းစဉ်အတိုင်း
လျှောက်ခဲ့ကြ၏။ အာကာသရှိ ဝိညာဉ်တန်ခိုးများ
ကို အုပ်စိုးသော မင်းကို နာခံသူများဖြစ်ခဲ့ကြ၏။
ဘုရားသခင်၏ အမိန့်တော်ကို မနာခံသူတို့သည်
ယခုအခါ၌ ထိုသူ၏ စိုးမိုးအုပ်ချုပ်ခြင်းကိုခံလျက်
၃။ နေကြရ၏။ အမှန်စင်စစ် ငါတို့သည် ထိုသူတို့
ကဲ့သို့ ဇာတိ၏ ဆွဲဆောင်ရာသို့ လိုက်ကြလျက်၊
ကာယ၏အလိုနှင့်စိတ်၏အလိုအရ ပြုကျင့်ခဲ့ကြ၏။
ငါတို့သည်ဇာတိသဘောအရလူတိုင်းနည်းတူဘုရား
သခင်၏ အမျက်တော်ကိုခံထိုက်သူများ
၄။ ဖြစ်ကြ၏။ သို့ရာတွင် ဘုရားသခင်၏ကရုဏာ
တော်သည် အလွန်ကြွယ်ဝ၍ မေတ္တာတော်သည်
၅။ အလွန်ကြီးမားလှသဖြင့်၊ ငါတို့၏မနာခံမှုအားဖြင့်
ဝိညာဉ်ရေးအရသေလျက်ရှိနေရာမှခရစ်တော်နှင့်အတူ
ရှင်ပြန်စေတော်မူ၏။ သင်တို့သည် ဘုရားသခင်၏
ကျေးဇူးတော်ကြောင့်သာလျှင် ကယ်တင်ခြင်းကို
ရကြပေသည်။
၆။ ငါတို့သည်ခရစ်တော်**ယေရှု**နှင့်တစ်လုံးတစ်ဝတည်း
ဖြစ်သဖြင့် ဘုရားသခင်သည် ငါတို့အားခရစ်တော်
နှင့်အတူ သေခြင်းမှ ရှင်ပြန်ထမြောက် စေတော်မူ၍
ထိုအရှင်နှင့်အတူ ကောင်းကင် လောကတွင် စိုးစံ
ခွင့်ကို ပေးတော်မူ၏။
၇။ ဤသို့ပြုတော်မူခြင်းမှာ၊ ခရစ်တော်**ယေရှု**အားဖြင့်
ငါတို့အား မေတ္တာပြတော်မူရာ၌ ကိုယ်တော်၏
ကျေးဇူးတော်သည် သာမန်ထက် လွန်ကဲသည်ကို
နောင်ကာလအစဉ်အဆက် လူတို့ သိမြင်နိုင်ကြစေ
၈။ ရန်ပင်ဖြစ်သည်။ သင်တို့သည် ယုံကြည်ခြင်းအား
ဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ကယ်

၂
တင်ခြင်းကို ခံကြရ၏။ သင်တို့၏ ကြိုးစားအား
ထုတ်မှုရလဒ်ကြောင့် ခံကြရသည်မဟုတ်။
၉။ ဘုရားသခင်၏ ကျေးဇူးတော်သာဖြစ်၍ မည်သူမျှ
၁၀။ ဝါကြွားစရာအကြောင်း မရှိပေ။ ငါတို့သည် ခရစ်
တော်**ယေရှု**နှင့် တစ်လုံးတစ်ဝတည်းဖြစ်ကြလျက်၊
ဘုရားသခင် ပြင်ဆင်ထားတော်မူခဲ့ပြီးသောကောင်း
မြတ်သောအကျင့်နှင့် ပြည့်ဝသည့် ဘဝသက်တာ
အတွက် ဘုရားသခင်သည်ငါတို့အား ဖန်ဆင်းထား
တော်မူပေသည်။

## ခရစ်တော်၌တစ်လုံးတစ်ဝတည်းဖြစ်ခြင်း

၁၁။ ဇာတိအလျောက် လူမျိုးခြား ဖြစ်ကြသော သင်တို့
အား အရေဖျားလှီး မင်္ဂလာမခံသူများဟု **ဂျူး**လူမျိုး
များက ခေါ်ကြ၏။ **ဂျူး**အမျိုးသားများက မိမိတို့
ကိုယ်ကို အရေဖျားလှီး မင်္ဂလာခံသူများဟုခေါ်ကြ
၏။ (အရေဖျားလှီး မင်္ဂလာဟုဆိုရာ၌ ကိုယ်ကာယ
နှင့်ဆိုင်သောအမှုဖြစ်သည်။) အထက်က သင်တို့
၏အခြေအနေကို အောက်မေ့ကြလော့။
၁၂။ ထိုစဉ်အခါက သင်တို့သည် ခရစ်တော်နှင့် ကင်း
ကွာလျက် နေခဲ့ကြ၏။ သင်တို့သည် လူမျိုးခြား
များဖြစ်ကြ၍၊ ဘုရားသခင် ရွေးချယ်တော်မူသော
လူမျိုးတော်၌ ပါဝင်ခွင့်မရကြ။ ကိုယ်တော်သည် မိမိ
လူမျိုးတော်အား ထားတော်မူသောကတိတော်
များပေါ်တွင် အခြေပြုသည့် ပဋိညာဉ်တရားတော်
နှင့်မသက်ဆိုင်ကြ။ ဤလောကတွင် မျှော်လင့်စရာ
မရှိ၊ ဘုရားမဲ့လျက်အသက်ရှင်ခဲ့ကြရ၏။
၁၃။ သို့ရာတွင် ယခုအခါ၌ ခရစ်တော်**ယေရှု**နှင့်တစ်
လုံးတစ်ဝတည်း ဖြစ်ကြသော သင်တို့သည် ခရစ်
တော်၏ အသွေးတော်အားဖြင့် အပါးတော်သို့
၁၄။ ရောက်ကြရလေပြီ။ ခရစ်တော်သည်**ဂျူး**လူမျိုးနှင့်
လူမျိုးခြားတို့ကို လူတစ်မျိုးတည်း ဖြစ်စေတော်မူ
လျက်ငါတို့အား ငြိမ်းချမ်းသာယာမှုကိုပေးတော်
မူ၏။ ငါတို့အားရန်သူများအဖြစ်ပိုင်းခြားထားသည့်
၁၅။ တံတိုင်းကိုကိုယ်တော်သည် မိမိ၏ကိုယ်ခန္ဓာတော်
အားဖြင့် ဖြိုဖျက်တော်မူ၏။ ကိုယ်တော်သည်
ဝိနည်းတော်အထုံးအဖွဲ့နှင့်အတူ **ဂျူး**ပညတ်တရားကို
ပယ်ဖျက်တော်မူ၍**ဂျူး**လူမျိုးနှင့် လူမျိုးခြားတို့အား
မိမိနှင့်တစ်လုံးတစ်ဝ တည်းဖြစ်စေလျက်လူမျိုးသစ်
ကိုဖြစ်ပေါ်စေတော်မူ၏။ ဤနည်းဖြင့် ရန်

၁၆။ ငြိမ်းမှုကိုပေးတော်မူ၏။ခရစ်တော်သည်လက်ဝါးကပ်
တိုင်တွင်အသေခံတော်မူခြင်းဖြင့် သူတို့အချင်းချင်း
၏ရန်ကိုဖယ်ရှားပြီးလျှင် လက်ဝါးကပ်တိုင်အားဖြင့်
လူမျိုးနှစ်စုကို တစ်စုတည်းဖြစ်စေလျက် ဘုရား
သခင်၏ အထံတော်သို့ ပြန်လည်ပို့ဆောင်တော်
၁၇။ မူ၏။ သို့ဖြစ်၍ ဘုရားသခင်နှင့်ဝေး လျက်နေခဲ့သော
အသင်လူမျိုးခြားတို့အားလည်းကောင်း၊ ဘုရားသခင်
နှင့်နီးခဲ့ကြသော သင်တို့ **ဂျူး**လူမျိုးတို့အားလည်း
ကောင်း၊ ခရစ်တော်သည်ကြွလာတော်မူ၍ ရန်ငြိမ်း
ခြင်းဆိုင်ရာ သတင်းကောင်းကို ဟောပြောကြေညာ
၁၈။ တော်မူ၏။ လူမျိုးခြားများနှင့် **ဂျူး**လူမျိုးများဖြစ်ကြ
သည့် ငါတို့သည် ခရစ်တော်အားဖြင့် တစ်ပါးတည်း
သော ဝိညာဉ်တော်ကို အမှီပြုလျက် ခမည်းတော်၏
၁၉။ ရှေ့တော်သို့ဝင် ရောက်ခွင့်ရရှိကြပေသည်။ သို့ဖြစ်၍
သင်တို့သည် လူမျိုးခြားမဟုတ်၊ သူစိမ်း တစ်ရံ
လည်းမဟုတ်ကြတော့ပေ။ သင်တို့သည်ဘုရားသခင်
၏လူမျိုးတော်နှင့်အတူ နိုင်ငံသားများ၊ ကိုယ်တော်၏
၂၀။ မိသားစုဝင်များဖြစ်ကြလေပြီ။ သင်တို့သည်လည်း
တမန်တော်များနှင့်ပရောဖက်များချခဲ့သည့် တိုက်မြစ်
အပေါ်တွင် တည်ဆောက်လျက်ရှိသည့် အဆောက်
အအုံဖြစ်၏။ အရေးအကြီးဆုံးသော ထောင့်ချုပ်
ကျောက်ကား ခရစ်တော်**ယေရှု**ပင်ဖြစ်သတည်း။
၂၁။ ကိုယ်တော်သည် ဤအဆောက်အအုံ တစ်ခုလုံးကို
အလေးအမြတ်ထားအပ်သော ဘုရားသခင်အား
ဆက်ကပ်လှူဒါန်းထားသည့်ဗိမာန်တော်တစ်ဆောင်
ဖြစ်လာစေရန် ကြီးထွားရင့်ကျက်စေတော်မူသည်။
၂၂။ သင်တို့သည်လည်း ခရစ်တော်နှင့် တစ်လုံးတစ်ဝ
တည်းဖြစ်ကြလျက်၊ အခြားသူတို့နှင့်အတူ တည်
ဆောက်ခြင်းကိုခံရကြပြီး ဝိညာဉ်တော်အားဖြင့်
ဘုရားသခင် ကိန်းဝပ်တော်မူရာ ဌာနတော်ဖြစ်လာ
ကြပေသည်။

## အခန်းကြီး (၃)
## လူမျိုးခြားတို့အတွက်ပေါလု
## အမှုတော်ဆောင်ခြင်း

၁။ ဤအကြောင်းကြောင့် ခရစ်တော် **ယေရှု**၏
အကျဉ်းသားဖြစ်သူ ငါ**ပေါလု**သည် အသင်လူမျိုး
ခြားများအတွက်ဘုရားသခင်ထံတော်တွင်ဆုတောင်း
၂။ ပတ္တနာပြုပါ၏။ ဘုရားသခင်သည် မိမိ၏ ကျေးဇူး
တော်ကြောင့် သင်တို့အကျိုးအတွက် ဤအမှုကို
ဆောင်ရွက်ရန် ငါ့အားပေးအပ်ထားတော်မူကြောင်း
သင်တို့အမှန်တကယ် ကြားသိခဲ့ကြပြီဖြစ်
၃။ သည်။ ဘုရားသခင်သည် မိမိ၏နက်နဲသောအကြံ
အစည်တော်ကို ငါ့အား ဖွင့်ပြတော်မူ၏။ ဤ
အကြောင်းအရာနှင့် ပါတ်သက်၍ သင်တို့အား
၄။ အကျဉ်းအားဖြင့်ငါဖော်ပြခဲ့ပြီးပေပြီ။ သင်တို့သည်
ထိုဖော်ပြချက်ကို ဖတ်ရှုခြင်းအားဖြင့် ခရစ်တော်၏
နက်နဲသည့်အရာကို ငါသိရှိ နားလည်ကြောင်း
၅။ သိမြင်နိုင်ပါသည်။ ဘုရားသခင်သည်ထိုနက်နဲသော
အရာကို ယခင်ခေတ်အခါကလူသားတို့အား ဖွင့်ပြ
တော်မမူခဲ့သော်လည်း ယခုအခါ၌ ကိုယ်တော်၏
သန့်စင်မွန်မြတ်သောတမန်တော်များနှင့်ပရောဖက်
များအား ဝိညာဉ်တော်အားဖြင့် ဖွင့်ပြတော်မူလေပြီ။
၆။ ထိုနက်နဲသောအရာကား သတင်းကောင်းအားဖြင့်
လူမျိုးခြားတို့သည် **ဂျူး**လူမျိုးများနှင့်အတူ ဘုရား
သခင်၏ ကောင်းချီးမင်္ဂလာကို ခံစားကြရ၏။
သူတို့သည် တစ်ခုတည်းသောခန္ဓာတော်၏ အင်္ဂါ
များဖြစ်ကြ၍ခရစ်တော်**ယေရှု**အားဖြင့် ဘုရားသခင်
ပေးတော်မူသော ကတိတော်၌ ပါဝင်ခံစားခွင့်ရရှိ
၇။ ကြ၏။ တန်ခိုးတော်အားဖြင့်ငါ့အား ဘုရားသခင်
ပေးသနားတော်မူသောအထူး ကျေးဇူးတော်နှင့်အညီ
ငါသည် သတင်းကောင်းကို ကြေညာသူဖြစ်
၈။ လာ၏။ ငါသည် ဘုရားသခင်၏ လူမျိုးတော်တွင်
အသိမ်ငယ်ဆုံးဖြစ်ပေသည်။ သို့ရာတွင် ကိုယ်တော်
သည် ခရစ်တော်၏ အတိုင်းမသိ ကြွယ်ဝချမ်းသာ
ခြင်းနှင့်ဆိုင်ရာ သတင်းကောင်းကို လူမျိုးခြား
၉။ တို့အားဟောပြောကြေညာရန်နှင့်။ ဘုရားသခင်၏
နက်နဲသော အကြံအစည်တော်သည် မည်ကဲ့သို့
အကောင်အထည် ပေါ်လာမည်ကို လူအပေါင်းတို့
အားရှင်းလင်းဖော်ပြရန် အခွင့်ထူးကို ငါ့အားပေး
သနားတော်မူ၏။ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်း
တော်မူသော ဘုရားသခင်သည် ရှေးကာလအဆက်
ဆက်က ထိုအကြံအစည်တော်ကို ကွယ်ဝှက်၍ထား
၁၀။ တော်မူခဲ့၏။ ဤသို့ပြုရခြင်းမှာ ကောင်းကင်
လောကကိုအစိုးရသူများနှင့်အာဏာပိုင်များသည်
ကိုယ်တော်၏ အထူးထူးအပြားပြားသော၏ ဉာဏ်
ပညာတော်ကို ယခုအခါ၌ အသင်းတော်အားဖြင့်
သိလာကြစေရန်ပင် ဖြစ်သည်။

၃

၁၁။ ဘုရားသခင်သည် မိမိ၏ ထာဝရ အကြံအစည်
တော်နှင့်အညီ ငါတို့၏ အရှင်သခင် ခရစ်တော်
**ယေရှု**အားဖြင့် ယင်းသို့ စီမံတော်မူသတည်း။
၁၂။ ငါတို့သည် ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်
ခြင်းအားဖြင့်လည်းကောင်း၊ ထိုသခင်ကို ယုံကြည်
ခြင်းအားဖြင့် လည်းကောင်း၊ ဘုရားသခင်ထံတော်
သို့ ရဲဝံ့ယုံကြည်စိတ်ချစွာချဉ်းကပ်ခွင့်ကိုရရှိကြ၏။
၁၃။ သို့ဖြစ်၍ သင်တို့အတွက် ငါခံရသောဒုက္ခဆင်းရဲ
ခြင်းကြောင့် သင်တို့ စိတ်မပျက်ကြနှင့်၊သင်တို့၏
အကျိုးအတွက်ငါခံရခြင်းပင်ဖြစ်သည်။

## ခရစ်တော်၏မေတ္တာ

၁၄။ ဤအကြောင်းကြောင့် ငါသည် ကောင်းကင်နှင့်
ကမ္ဘာမြေပေါ်ရှိ မိသားစုတိုင်း၏အမည်နာမအရင်း
၁၅။ အမြစ် ဖြစ်တော်မူသောအဖခမည်းတော်၏ရှေ့တော်
တွင်ဒူးထောက်လျက်ဆုတောင်းပတ္ထနာပြုပါ၏။
၁၆။ ကိုယ်တော်သည် ဘုန်းကျက်သရေတော်နှင့် ပြည့်စုံ
ကြွယ်ဝတော်မူသည်နှင့်အညီ၊ သင်တို့အားစိတ်ဓါတ်
ကြံ့ခိုင်လာစေအံ့သောငှါ ဝိညာဉ်တော်အားဖြင့်တန်ခိုး
စွမ်းရည်ကို ပေးသနားတော်မူရန်ငါသည် ဆုတောင်း
ပတ္ထနာပြု၏။
၁၇။ သင်တို့၏ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည်
သင်တို့၏ စိတ်နှလုံးတွင်ကိန်းဝပ် စံပယ်တော်မူရန်
ငါဆုတောင်း၏။ မေတ္တာတော်တွင် အခြေခံအမြစ်
စွဲလျက်ရှိကြစေရန်ကိုလည်း ငါသည်ဆုတောင်းပတ္ထ
၁၈။ နာပြု၏။ သို့မှသာလျှင် သင်တို့သည် ဘုရားသခင်
၏ လူမျိုးတော်နှင့်အတူ ခရစ်တော်၏ မေတ္တာတော်
အလျား၊ အနံ၊ အမြင့်၊ အနက်တို့ ကိုသိရှိနားလည်
၁၉။ နိုင်ကြပေမည်။ကိုယ့်ဉာဏ်နှင့်မသိနိုင်သောခရစ်တော်
၏ မေတ္တာတော်ကိုသိနားလည်ခြင်းငှါ သင်တို့သည်
တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ ပြည့်စုံတော်မူ
ခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည့် အကြောင်း
ငါဆုတောင်း၏။
၂၀။ ငါတို့ စိတ်နှလုံးကို ပြုပြင်တော်မူသော တန်ခိုး
တော်အားဖြင့် ငါတို့တောင်းလျှောက် ကြံစည်သမျှ
သော အရာတို့ထက် သာလွန်ပိုမို၍ ချပေးတော်မူ
နိုင်သော ဘုရားသခင်သည် အသင်းတော်အားဖြင့်
၂၁။ လည်းကောင်း၊ခရစ်တော်**ယေရှု**အားဖြင့်လည်းကောင်း၊
ထာဝစဉ်ကမ္ဘာအဆက်ဆက် ဘုန်းအသရေတော်

၄

ထွန်းတောက်တော်မူပါစေသတည်း။ အာမင်။

## အခန်းကြီး (၄)
## ခန္ဓာတော်တစ်ခုတည်း၌ တစ်လုံး တစ်ဝတည်းရှိခြင်း

၁။ သို့ဖြစ်၍ သခင်ဘုရား၏ အမှုတော်ကို ဆောင်
ရွက်သောကြောင့် အကျဉ်းသမား တစ်ဦးဖြစ်သော
ငါသည် သင်တို့အား နှိုးဆော်ပါ၏။ သင်တို့ သည်
ဘုရားသခင်၏ ခေါ်တော်မူခြင်း ကျေးဇူးတော်ကို
ခံရကြသည်နှင့်အညီ ကျင့်ကြံ ပြုမူကြလော့။
၂။ စိတ်နှလုံးအစဉ်နှိမ့်ချကြလော့၊ သိမ်မွေ့နူးညံ့ကြ
လော့၊ စိတ်ရှည်ကြလော့၊ တစ်ဦးကိုတစ်ဦး
၃။ သည်းခံခြင်းအားဖြင့် မေတ္တာပြကြလော့။ သင်တို့
အား စည်းလုံးစေသော ငြိမ်းချမ်းသာယာခြင်းအား
ဖြင့် ဝိညာဉ်တော်ဘုရား ပေးသနားတော်မူသော
စည်းလုံး ညီညွတ်မှုကို အစွမ်းကုန် ထိန်းသိမ်းကြ
၄။ လော့။ မျှော်လင့်ခြင်း တစ်ပါးတည်းသို့ ဘုရားသခင်
ခေါ်ထားတော်မူသည့်နည်းတူကိုယ်ခန္ဓာတော်တစ်ပါး
တည်း၊ ဝိညာဉ်တော်တစ်ပါးတည်းရှိတော်မူ၏။
၅။ သခင်တစ်ပါးတည်း၊ ယုံကြည်ခြင်း တစ်ပါးတည်း၊
၆။ ဗတ္တိဇံတစ်ပါးတည်း။ လူသားအပေါင်းတို့၏ အဖ
ဘုရားသခင် တစ်ဆူတည်းရှိတော်မူ၏။ ထိုဘုရား
သခင်သည် လူခပ်သိမ်းတို့ကို အုပ်စိုးတော်မူ၍၊လူခပ်
သိမ်းတို့အားဖြင့် လုပ်ဆောင်တော်မူလျက် လူ
ခပ်သိမ်းတို့ အထဲတွင်ရှိတော်မူ၏။
၇။ ခရစ်တော် ပေးသနားတော်မူသည့်အတိုင်း ငါတို့
တစ်ဦးစီသည် ထူးမြတ်သည့် ဆုကျေးဇူးကို ခံစား
၈။ ကြရပေသည်။ ကျမ်းစာတော်အတိုင်း ကိုယ်တော်
သည် အမြင့်သို့တက်ကြွတော်မူသောအခါ မိမိနှင့်
အတူ သုံ့ပန်းအမြောက်အများကို ခေါ်ဆောင်သွား
တော်မူ၏။ လူသားတို့အား ဆုကျေးဇူးများကို
၉။ ပေးတော်မူ၏။ ကိုယ်တော်တက်ကြွတော်မူသည် ဆို
ရာ၌ အဘယ်သို့ ဆိုလိုပါသနည်း။ ကိုယ်တော်သည်
အနိမ့်ဆုံးအရပ် မြေကြီးသို့ ဦးစွာ ဆင်းသက်တော်မူ
၁၀။ သည် ဟု ဆိုလိုပေသည်။ သို့ဖြစ်၍ဆင်းသက်
တော်မူသော အရှင်ကားအခြားသူမဟုတ် ကိုယ်တော်
သည် မိမိ၏တည်ရှိတော်မူခြင်းနှင့် ပြည့်စေခြင်းငှါ
ကောင်းကင်၏အထွဋ်ကို လွန်၍ တက်ကြွတော်
၁၁။ မူသောသူဖြစ်သတည်း။ လူသားတို့အားဆုကျေးဇူး
ကိုပေးတော်မူသော အရှင်သည်လည်း ကိုယ်တော်

ပင်ဖြစ်၏။ ကိုယ်တော်သည် လူအချို့တို့ကို တမန်
တော်အရာ၌လည်းကောင်း၊ အချို့တို့ကို ပရောဖက်
အရာ၌လည်းကောင်း၊ အချို့တို့ကို ဧဝံဂေလိတရား
ဟောဆရာအဖြစ်၌ဓမ္မပညာဆရာအရာ၌လည်းကောင်း
၁၂။ ခန့်ထားတော်မူ၏။ ဤသို့ပြုတော်မူခြင်းမှာ ခရစ်
တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်
အလို့ငှါ ဘုရားသခင်၏ လူမျိုးတော် အားလုံးအား
အမှုတော် ဆောင်ရွက်ခြင်းအတွက်အသင့်ပြင်ဆင်
၁၃။ ပေးရန် ဖြစ်ပေသည်။ ထို့ကြောင့် ငါတို့၏ ယုံကြည်
ခြင်း အားဖြင့်လည်းကောင်း၊ ဘုရားသခင်၏
သားတော်ကို သိကျွမ်းခြင်းအားဖြင့်လည်းကောင်း၊
ငါတို့အားလုံးတို့ တစ်လုံးတစ်ဝတည်းဖြစ်ကြလျှက်၊
ခရစ်တော်၏ပြည့်စုံခြင်း ပမာဏအတိုင်း ရင့်ကျက်
သည့်သူများအဖြစ်သို့ ရောက်ကြပေအံ့။
၁၄။ ထိုအခါ ငါတို့သည်ပရိယာယ်ဖြင့် လူတို့ကို လမ်းလွဲ
အောင် လိမ်လည်ပြောဆိုတတ်သူတို့၏ သြဝါဒ
လှိုင်းလုံးများအထဲ၌ သြဝါဒလေကြောင်းပြောင်းတိုင်း
လွင့်ပါသွားသော ကလေးလူငယ်များကဲ့သို့ဖြစ်ကြ
၁၅။ တော့မည်မဟုတ်။ ငါတို့သည် မေတ္တာတရား၌
သမ္မာတရားကို ပြောဆိုကြလျက် အသင်းတော်၏
ဦးခေါင်းဖြစ်တော်မူသော ခရစ်တော်၌အရာရာတွင်
၁၆။ ကြီးထွားတိုးတက်မှုရှိကြရပေမည်။ ကိုယ်တော်၏
စီမံအုပ်ချုပ်မှုအောက်တွင်ကိုယ်အင်္ဂါ ရှိသမျှတို့သည်
တစ်ခုနှင့်တစ်ခု အဆစ်များဖြင့် ဆက်စပ်လျက်
နေကြ၏။ သို့ဖြစ်၍ ကိုယ်အင်္ဂါ အသီးသီးတို့သည်
မိမိတို့ သက်ဆိုင်ရာ အလုပ်တာဝန်ကိုဆောင်ရွက်
ကြသောအခါ ကိုယ်ခန္ဓာတစ်ခုလုံးကို မေတ္တာတရား
အားဖြင့် တည်ဆောက်၍ ကြီးထွားစေလေသည်။

## ခရစ်တော်၌ ဘဝသစ်

၁၇။ သို့ဖြစ်၍ သင်တို့သည် ဘုရားမဲ့သူများ နည်းတူ
ဆက်လက် မကျင့်ကြံကြရန် သခင်ဘုရား၏ နာမ
တော်ကိုအမှီပြု၍ငါသတိပေးလို၏။ သူတို့၏အကြံ
အစည်များကား အချည်းအနှီးသာဖြစ်၏။
၁၈။ သူတို့သည် ဉာဏ်အလင်းကွယ်၍ အသိတရားလုံးဝ
ကင်းမဲ့လျက် ခေါင်းမာကြသဖြင့် ဘုရားသခင်ပေး
သနားတော်မူသောအသက်နှင့်ကင်းကွာလျက်ရှိကြ၏။
၁၉။ ရှက်ကြောက်စိတ်လုံးဝမရှိတော့ သဖြင့် သူတို့သည်
ကာမဂုဏ်လိုက်စားကြကာ ညစ်ညမ်းသောအကျင့်
အမျိုးမျိုးတို့ကိုထိန်းချုပ်ခြင်းမရှိဘဲပြုကျင့်ကြပေသည်။
၂၀။ ထိုကဲ့သို့ပြုကျင့်ရန် အတွက်သင်တို့သည် ခရစ်တော်
အကြောင်းကို သင်ယူကြသည်မဟုတ်၊ ကိုယ်တော်၏
၂၁။ အကြောင်းကို အမှန်ပင်သင်တို့ ကြားနာခဲ့ကြရပြီ၊
ကိုယ်တော်၏ တပည့်များဖြစ်ကြသောကြောင့် သခင်
**ယေရှု**၌ ရှိသော သမ္မာတရားတော် အကြောင်းကို
၂၂။ သင်တို့သင်ယူခဲ့ကြရပြီ။ သို့ဖြစ်၍ကျင်လည်ခဲ့သော
လူဟောင်းဘဝကိုစွန့်ပစ်လော့၊ လှည့်ဖြားတတ်သော
ဆန္ဒများကြောင့် ယိုယွင်း ပျက်စီးသည့်
၂၃။ လူဟောင်းကို စွန့်လွှတ်ကြလော့။ သင်တို့သည်
စိတ်နှလုံးသစ်၊ သဘောသစ်ကို ခံယူကြရမည်။
၂၄။ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်း
ခြင်းကိုခံရ၍ သမ္မာတရားဆိုင်ရာ ဖြောင့်မတ် သန့်
၂၅။ ရှင်းသူ လူသစ်ဖြစ်ကြရမည်။ ထို့ကြောင့်မုသားကို
မပြောကြနှင့်။ ငါတို့ အားလုံးသည် ခရစ်တော်၏
ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြစ်ကြသဖြင့်ယုံကြည်သူ
အချင်းချင်းအား သစ္စာစကားကိုပြောကြလော့။
၂၆။ သင်တို့သည် အပြစ်ကျူးလွန်သည့် တိုင်အောင်
အမျက်မထွက်ကြနှင့်။
၂၇။ နေမဝင်မီအမျက်ကိုပြေငြိမ်းစေကြလော့။ နတ်ဆိုးကို
အခွင့်အလမ်းမပေးကြနှင့်။
၂၈။ လုယက်တိုက်ခိုက်သူသည်နောက်တစ်ဖန်မလုယက်
တော့ဘဲ ချို့တဲ့သူများအား ဝေမျှပေးကမ်းနိုင်ရန်မိမိ
လက်ဖြင့်အလုပ်ကို ရိုးသားဖြောင့်မတ်စွာ ကြိုးစား
လုပ်ကိုင်ကြစေ။
၂၉။ ထိခိုက်နစ်နာစေသောစကားများကို မပြောကြနှင့်၊သူ
တစ်ပါးတို့အားအကျိုးရှိစေမည့်စကား၊ အပြုသဘော
ပါသည့်စကားကိုသာပြောကြလော့၊ သို့မှသာလျှင်
သင်တို့၏စကားကိုကြားကြသောသူတို့သည်အကျိုး
ကျေးဇူးခံစားကြရလိမ့်မည်။
၃၀။ ဘုရားသခင်၏ မွန်မြတ်သော ဝိညာဉ်တော်ကို
စိတ်မနာစေနှင့်၊ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်
တော်သည် သင်တို့အား ဘုရားသခင် ပိုင်တော်မူ
ကြောင်း သက်သေခံ တံဆိပ်အမှတ်အသားဖြစ်၍၊
နောက်ဆုံးသော နေ့ရက်၌ သင်တို့သည် ကိုယ်
တော်၏ ကယ်တင်ခြင်းကိုခံရလိမ့်မည်ဖြစ်ကြောင်း
အာမခံချက်ဖြစ်သောကြောင့်တည်း။

၃၁။ ထို့ကြောင့် နာကျည်းခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်
ထွက်ခြင်း၊ အော်ဟစ် ငေါက်ငမ်းခြင်း၊ သူတစ်ပါး
အသရေဖျက်ခြင်း၊ ခပ်သိမ်းသောမုန်းတီးခြင်းတို့ကို
၃၂။ ဖယ်ရှားကြလော့။ သင်တို့သည် တစ်ဦးကို တစ်ဦး
ကျေးဇူးပြုလျက်ကြင်နာသနားတတ်သောနှလုံးသားရှိ
ကြလော့။ ဘုရားသခင်သည် ခရစ်တော်အားဖြင့်
သင်တို့၏ အပြစ်ကိုအခွင့်လွှတ်တော်မူသည်နည်းတူ
သင်တို့သည်လည်း တစ်ဦးနှင့်တစ်ဦးအပြစ်လွှတ်ကြ
လော့။

## အခန်းကြီး (၅)
## အလင်းတော်၌ အသက်ရှင်ခြင်း

၁။ သင်တို့သည် ဘုရားသခင်၏ ချစ်သားသမီးများ
ဖြစ်ကြသည်နှင့်အညီ ကိုယ်တော်နှင့်တူအောင်ကြိုး
၂။ စားကြလော့။ ခရစ်တော်သည်ငါတို့ကိုချစ်တော်မူ၍
ငါတို့အတွက် မိမိကိုယ်ကို ဘုရားသခင်နှစ်သက်
တော်မူရာမွှေးကြိုင်သောယဇ်ကောင်အဖြစ်ဖြင့်ဆက်
သပူဇော်တော်မူသကဲ့သို့သင်တို့သည်လည်းမေတ္တာ
တရားကို ကျင့်သုံးကြလော့။
၃။ သင်တို့သည်ဘုရားသခင်၏လူမျိုးတော်များဖြစ်ကြ
သဖြင့်ကာမဂုဏ်လိုက်စားမှု၊ ညစ်ညူးမှုနှင့်လောဘ
လွန်ကျူးမှုအကြောင်းတို့ကိုသင်တို့ အချင်းချင်းပြော
၄။ ဆိုခြင်းပင် မပြုအပ်ပေ။ ညစ်ညူးသော စကား၊
ယုတ်မာသောစကား၊ ရိုင်းစိုင်းသော စကားများကို
အသုံးပြုရန်မသင့်လျော်ပေ။ ကျေးဇူးတော်ကိုချီးမွမ်း
၅။ သည့်စကားများကိုသာလျှင် ပြောဆိုကြလော့။ ကာမ
ဂုဏ်လိုက်စားသူ၊ ညစ်ညူးသူ၊ လောဘကျူးသူ
တိုင်းသည်ခရစ်တော်နှင့် ဘုရားသခင်၏နိုင်ငံတော်
တွင်ပါဝင်ကြရလိမ့်မည် မဟုတ်ကြောင်း သင်တို့သိ
ကြ၏လောဘလွန်ကျူးခြင်းသည် ရုပ်တုကိုးကွယ်မှု
၆။ တစ်မျိုးပင်ဖြစ်သည်။ အချည်းအနှီးသောစကားများ
ဖြင့်မည်သူ တစ်စုံတစ်ယောက်မျှ သင်တို့ကိုမလှည့်
ဖြားစေနှင့်။ ထိုအမှုများကြောင့် ဘုရားသခင်၏
အမိန့်တော်ကိုမနာခံသူတို့သည်
၇။ အမျက်တော်သင့်ကြလိမ့်မည်။ ထို့ကြောင့်သင်တို့
သည်ထိုသို့သောသူများနှင့် လုံးဝ မဆက်ဆံကြနှင့်။
၈။ ယခင်ကသင်တို့သည် မှောင်မိုက်တွင် နေထိုင်ခဲ့ကြ
၏။ ယခုအခါမူသခင် ဘုရား၏ လူမျိုးတော်
များဖြစ်လာကြသဖြင့် အလင်းတော်သို့ ရောက်ကြ
လေပြီ။ သို့ဖြစ်၍ အလင်းတော်၌ ကျင်လည်
၉။ သူများကဲ့သို့ ပြုကျင့်ကြလော့။ အဘယ်ကြောင့်ဆို
သော်အလင်းတော်သည် ကောင်းမြတ်ခြင်းအမျိုးမျိုး၊
ဖြောင့်မတ်ခြင်းနှင့် အမှန်တရားတို့ကို ဖြစ်ပွားစေ
၁၀။ သောကြောင့်ဖြစ်၏။ သခင်ဘုရား နှစ်သက်တော်
မူသော အရာသည် မည်သည့်အရာ ဖြစ်သည်ကို
၁၁။ ကြိုးစား၍သင်ယူကြလော့။ မှောင်မိုက်တွင် ကျင်
လည်သူတို့ပြုသည့် အကျိုးမဲ့သောအမှုများကို မပြု
ကြဘဲ ယင်းအမှုတို့ကို အလင်းတော်သို့ ဖော်ထုတ်
၁၂။ ကြလော့။ ဤသူတို့ဆိတ်ကွယ်ရာတွင် ပြုကျင့် သည့်
အမှုများကိုဖော်ပြရန်ပင်အလွန်ရှက်ဖွယ် ကောင်း၏။
၁၃။ သူတို့ပြုသောအမှုတို့ကို အလင်းတော်သို့ ဖော်ထုတ်
သောအခါ၊ ထိုသူတို့၏ပင်ကိုသဘောသည် ပေါ်လွင်
ထင်ရှားလာလေသည်။
၁၄။ အဘယ်ကြောင့်ဆိုသော် ခပ်သိမ်းသော အရာကို
ပေါ်လွင်ထင်ရှားစေခြင်းအမှုသည်အလင်းဖြစ်လာ၏။
ထိုအကြောင်းကြောင့် ကျမ်းစာတော်တွင် အိပ်ပျော်
သူ၊ ထလော့။ သေခြင်းမှထမြောက်လော့၊ ခရစ်တော်
သည် သင့်အပေါ်သို့ ထွန်းလင်းတော်မူလိမ့်မည်ဟု
ပါရှိသတည်း။
၁၅။ သို့ဖြစ်၍သင်တို့ကျင့်ပုံကိုသတိပြုကြလော့။ပညာမဲ့သူ
များကဲ့သို့မဟုတ်ဘဲ ပညာရှိသူများကဲ့သို့ ပြုကျင့်
ကြလော့။
၁၆။ ဤနေ့ရက်များသည် ဆိုးယုတ်သောကာလဖြစ်သော
ကြောင့် သင်တို့ရရှိသည့် အခွင့်အရေး ရှိသမျှကို
၁၇။ အကျိုးရှိအောင် အသုံးပြုကြလော့။ ထို့ကြောင့်
သင်တို့သည် မိုက်မဲ၍မနေဘဲ သခင်ဘုရား၏
၁၈။ အလိုတော်ကိုကြိုးစား၍ ရှာကြလော့။ သင်တို့အား
ပျက်စီးစေမည့် စပျစ်ရည်နှင့် ယစ်မူးခြင်းကို ရှောင်
ကြ၍ဝိညာဉ်တော်နှင့်ပြည့်ဝလျက်ရှိကြလော့။
၁၉။ တစ်ဦးနှင့်တစ်ဦး စကားပြောကြသောအခါ ဆာလံ
သီချင်း၊ ဓမ္မသီချင်းနှင့်မွန်မြတ်သောသီချင်းများမှ
စကားများဖြင့်ပြောဆိုကြလော့ စိတ်နှလုံးအတွင်း၌
သခင်ဘုရားအား၏ထောမနာပြုလျက်ဓမ္မသီချင်းများ
နှင့် ဆာလံသီချင်းများကိုသီဆိုကျူးဧကြလော့။
၂၀။ ငါတို့၏ အရှင်သခင်**ယေဇူး** ခရစ်တော်၏နာမတော်
၌ ခပ်သိမ်းသောအရာတို့အတွက်အဖဘုရားသခင်၏
ကျေးဇူးတော်ကိုအစဉ်အပြတ်ချီးမွမ်းကြလော့။

## ဇနီးနှင့်ခင်ပွန်း

၂၁။ ခရစ်တော်ကို ရိုသေလေးစားသောအားဖြင့် သင်
တို့သည် တစ်ဦး၏ သြဇာကိုတစ်ဦး၊ခံယူကြလော့။
၂၂။ ဇနီးဖြစ်သူတို့ သင်တို့သည်သခင်ဘုရားအားသြဇာ
ခံသကဲ့သို့ သင်တို့၏ ခင်ပွန်းတို့အား သြဇာခံကြ
၂၃။ လော့။ ခရစ်တော်သည် အသင်းတော်အပေါ် သြဇာ
အာဏာရှိသကဲ့သို့ ခင်ပွန်းသည်လည်း မိမိ၏ဇနီးအ
ပေါ် သြဇာအာဏာရှိ၏။ ခရစ်တော် ကိုယ်တော်
တိုင်ပင်လျှင် မိမိ၏ကိုယ်ခန္ဓာဖြစ်သောအသင်းတော်
၏ကယ်တင်ရှင်ဖြစ်တော်မူ၏။
၂၄။ သို့ဖြစ်၍ အသင်းတော်သည်ခရစ်တော်အားသြဇာခံ
သကဲ့သို့ဇနီးတို့သည်လည်း မိမိတို့ ခင်ပွန်းများ၏
သြဇာကို အကြွင်းမဲ့ခံကြရမည်။
၂၅။ ခင်ပွန်းဖြစ်သူတို့ ခရစ်တော်သည် အသင်းတော်ကို
ချစ်တော်မူ၍၊ အသင်းတော်အတွက် မိမိ၏အသက်
တော်ကိုစွန့်တော်မူသည့်နည်းတူ သင်တို့၏ဇနီးများ
၂၆။ ကိုချစ်ကြလော့။ ဤသို့ပြုရခြင်းမှာအသင်းတော်ကို
ရေဖြင့်သန့်စင်စေပြီးလျှင်၊ နှုတ်ကပတ်တော်အားဖြင့်
ဘုရားသခင်အား ရည်စူး လှူဒါန်းတော်မူသဖြင့်
၂၇။ အသင်းတော်ကို မိမိအားဆက်သတော်မူရာ၌အညစ်
အကြေးအစွန်းအကွက်မရှိ၊ သန့်ရှင်းဖြူစင် အပြစ်
ကင်းလျက် လုပတင့်တယ်သော အသရေနှင့်ပြည့်စုံ
၂၈။ နိုင်စေရန်ပင်ဖြစ်သည်။ယောကျ်ားတို့သည်မိမိတို့၏
ကိုယ်ခန္ဓာကိုချစ်သကဲ့သို့ ဇနီးများကိုချစ်သင့်၏။
ဇနီးကို ချစ်သောသူသည် မိမိကိုယ်ကို ချစ်၏။
၂၉။ မည်သူမျှ မိမိကိုယ်ကို မုန်းသည်ဟူ၍မရှိ။ မုန်းတီး
မည့်အစား သူသည် မိမိကိုယ်ကို ကျွေးမွေးပြုစု၏။
ခရစ်တော်သည် အသင်းတော်အား ကျွေးမွေးပြုစု
တော်မူသကဲ့သို့တည်း။
၃၀။ အကြောင်းမူကား ငါတို့သည် ကိုယ်တော်၏
ကိုယ်ခန္ဓာအစိတ်အပိုင်းများဖြစ်ကြ၏။
၃၁။ ကျမ်းစာတော်တွင် ဤအကြောင်းကြောင့်ယောကျ်ား
သည်မိဘများကိုစွန့်ခွါ၍မယားနှင့်စုံဖက်သဖြင့်သူတို့
နှစ်ဦးသည် တစ်သားတစ်ကိုယ်တည်းဖြစ်ကြလိမ့်
၃၂။ မည်ဟု ဖော်ပြပါရှိ၏။ ဤကားအလွန်နက်နဲသော
သစ္စာစကားဖြစ်၍ ခရစ်တော်နှင့် အသင်းတော်ကို
ရည်စူး၍ဆိုသောစကားဖြစ်သည်ဟုငါနားလည်၏။
၃၃။ သို့ရာတွင် သင်တို့နှင့်လည်း သက်ဆိုင်ပေသည်။
ခင်ပွန်းသည်တိုင်းသည် ဇနီးကို ကိုယ်နှင့်အမျှချစ်ရ
မည်။ ဇနီးသည်တိုင်းသည်လည်း မိမိ၏ခင်ပွန်းကိုရို
သေလေးစားရမည်။

# အခန်းကြီး (၆)

## သားသမီးများ နှင့် မိဘများ

၁။ သားသမီးတို့၊ သင်တို့ မိဘများ၏စကားကို နား
ထောင်ကြလော့။ ထိုသို့ပြုခြင်းသည် ခရစ်ယာန်
၂။ ဝတ္တရားအနေဖြင့် ပြုအပ်သောအမှုဖြစ်၏။ သင်၏
မိဘတို့အား ရိုသေခြင်းကို ပြုလော့၊ ဤကား
၃။ ပထမ ပညတ်ဖြစ်၍ သင်သည် ကောင်းစားလျက်
မြေကြီးပေါ်တွင် အသက်ရှင်လိမ့်မည်ဟူသော ကတိ
တော်ပါရှိ၏။
၄။ မိဘတို့သားသမီးများကို စိတ်ဆိုးစေရန် မပြုကြနှင့်၊
သို့ရာတွင်သူတို့အား ခရစ်ယာန် စည်းကမ်းနှင့်အညီ
သွန်သင်ဆုံးမကြလော့။

## ကျွန်များ နှင့် သခင်များ

၅။ ကျွန်ဖြစ်သူတို့ သင်တို့သည် ခရစ်တော်၏ အစေ
ကိုခံသကဲ့သို့ ကြောက်လန့် တုန်လှုပ်လျက် ရိုး
သားသော စိတ်နှင့် လောကီသခင်တို့၏စကားကို
၆။ နားထောင်ကြလော့။ သခင်များ နှစ်သက်စေရန်
သူတို့၏ ရှေ့မှောက်၌သာ နားထောင်ကြသည်
မဟုတ်ဘဲ၊ ခရစ်တော်၏ အစေခံကျွန်များဖြစ်ကြ
သဖြင့် ဘုရားသခင်၏ အလိုတော်ရှိသည့်အတိုင်း
၇။ စိတ်ရောကိုယ်ပါ အစေခံကြလော့။ လူ၏ အစေ ကို
ခံယုံမျှသာ မဟုတ်ဘဲ ဘုရားသခင်၏အစေကို
ခံသကဲ့သို့ ဝမ်းမြောက်ရွှင်လန်းစွာ အလုပ်ကိုလုပ်
၈။ ဆောင်ကြလော့။ ကျွန်ဖြစ်စေ၊ လွတ်လပ်သူဖြစ်စေ၊
မည်သူမဆို မိမိပြုသည့် ကောင်းမှုအတွက် သခင်
ဘုရား ထံမှ ဆုလာဘ်ကိုရရှိလိမ့်မည်ဟုသိမှတ်ကြ
၉။ လော့။သခင်တို့၊ခြိမ်းခြောက်မှုကိုမပြုဘဲထိုနည်းတူပင်
အစေခံကျွန်များနှင့်ဆက်ဆံကြလော့။ သင်တို့နှင့်
သင်တို့၏ ကျွန်များသည်ကောင်းကင်ဘုံတွင်သခင်
တစ်ပါးတည်းကသာ ပိုင်ဆိုင်ကြောင်းကိုလည်း
ကောင်း၊ ထိုသခင်သည် တူညီသော စံချိန်ဖြင့်

လူတိုင်းအားစီရင်တော်မူမည်ကိုလည်းကောင်းသတိရ
ကြလော့။

## ဘုရားသခင်၏ လက်နက်တန်ဆာအလုံးစုံ

၁၀။ နောက်ဆုံးအနေဖြင့် သင်တို့သည် သခင်ဘုရား နှင့်
တစ်လုံးတစ်ဝတည်းဖြစ်ကြလျက် ကိုယ်တော် ၏
အင်အား ကြီးမားသော တန်ခိုးတော်အားဖြင့်
၁၁။ ခိုင်ခံ့ခြင်း ရှိကြလော့။ နတ်ဆိုး၏ ပရိယာယ်များ
ကိုခုခံကာကွယ်နိုင်ရန်ဘုရားသခင်ပေးသနားတော်မူ
သော လက်နက်တန်ဆာစုံကို ဝတ်ဆင်ကြလော့။
၁၂။ အဘယ်ကြောင့်ဆိုသော် ငါတို့သည် လူသတ္တဝါ
တို့နှင့် ပြိုင်ဆိုင် တိုက်ခိုက်ကြရသည် မဟုတ်။
ကောင်းကင် လောကမှ ဆိုးယုတ်သော ဝိညာဉ်
တန်ခိုးရှင်တို့နှင့်လည်းကောင်း၊ အစိုးရသူများ၊ အာ
ဏာစက်များနှင့် ဤအမှောင်လောက၏ တန်ခိုးရှင်
များနှင့်လည်းကောင်းဆိုင်ပြိုင် တိုက်ခိုက်ကြရ၏။
၁၃။ သို့ဖြစ်၍ ဘုရားသခင်၏လက်နက်စုံကိုကိုင်ဆောင်
ကြလော့။ သို့မှသာလျှင်ခဲယဉ်းဆိုးယုတ်ရာကာလ
ကျရောက်ချိန်၌ သင်တို့သည်ရန်သူ၏ တိုက်ခိုက်မှု
ကိုခုခံတွန်းလှန်နိုင်ကြလိမ့်မည် အဆုံးတိုင်အောင်
တိုက်ခိုက်ပြီးသောအခါ၌သင်တို့သည်ရပ်တည်နိုင်ကြ
၁၄။ လိမ့်မည်။ သို့ဖြစ်၍အသင့်ရှိကြလော့၊ သစ္စာတရား
တည်းဟူသောခါးပန်းကြိုးကိုလည်းကောင်း၊ ဖြောင့်
မတ်ခြင်းတည်းဟူသော ရင်အုပ်တန်ဆာကိုလည်း
ကောင်း၊ ငြိမ်းချမ်းရေးသတင်းကောင်းကို ကြေညာ
၁၅။ ရန်အသင့်ရှိခြင်းတည်းဟူသောဖိနပ်ကိုလည်းကောင်း
၁၆။ ဝတ်ဆင်ကြလော့။ ယုံကြည်ခြင်းတည်းဟူသောဒိုင်း
လွှားကိုအမြဲဆွဲကိုင်ထားကြလော့၊ သင်တို့သည်
ထိုဒိုင်းလွှားအားဖြင့် နတ်ဆိုးပစ်ခတ်သော မီးမြှား
လက်နက်ဟူသမျှကိုငြိမ်းသတ်နိုင်လိမ့်မည်။
၁၇။ ကယ်တင်ခြင်းတည်းဟူသော သံခမောက်ကို လည်း
ကောင်း၊ ဝိညာဉ်တော်က ပေးသောဘုရားသခင်၏
နှုတ်ကပတ်တော်တည်းဟူသော ဓားရှည်ကို လည်း
ကောင်း ယူဆောင်ကြလော့။
၁၈။ သင်တို့အား ကူညီစောင်မတော်မူရန် ဘုရားသခင်
အားဝိညာဉ်တော်ညွှန်ကြားတော်မူသည့်အတိုင်းအခါ
အားလျော်စွာ ဆုတောင်းကြလော့။ ထို့ကြောင့်နိုးနိုး
ကြားကြားနေကြလော့။ ဖွဲသတ္တိရှိကြလော့၊ အခါ
မလပ် ဘုရားသခင်၏လူမျိုးတော်အားလုံးအတွက်
ဆုတောင်းကြလော့။
၁၉။ ငါဟောပြောချိန်၌ ဘုရားသခင်သည်ငါ့အား နှုတ်
သတ္တိကို ပေးသနားတော်မူရန် လည်းကောင်း၊
သတင်းကောင်း၏ နက်နဲသောအရာကိုရဲဝံ့စွာဖွင့်ပြ
နိုင်ရန်လည်းကောင်း ငါ့အတွက်လည်းဆုတောင်းပေး
၂၀။ ကြလော့။ ငါသည် အကျဉ်းခံနေသူဖြစ်သော်လည်း
ထိုသတင်းကောင်းအတွက် ငါသည်သံတမန်တစ်ပါး
ဖြစ်ပါ၏။ ထိုသတင်းကောင်းကိုဟောပြောအပ်သည်
နှင့်အညီ ငါသည်ရဲရင့်စွာပြောဆိုနိုင်ရန်ဆုတောင်း
ကြလော့။

## နောက်ဆုံးနှုတ်ဆက်စကားများ

၂၁။ ငါနှင့် ပတ်သက်သော အကြောင်းအရာကို သင်
တို့သိစေခြင်းငှါသတင်းစုံကို **"တိုက်ချိကပ်"**သည်ပြော
ပြလိမ့်မည်။ သခင်ဘုရား၏ အမှုတော်ကိုဆောင်ရွက်
ရာတွင် သူသည် ငါတို့အား သစ္စာရှိစွာ ကူညီသူ
ငါတို့၏ချစ်လှသောညီဖြစ်ပေသည်။
၂၂။ ထို့ကြောင့် ငါတို့နှင့်ဆိုင်သောသတင်းအားလုံးစုံကို
ပြောပြရန် သင်တို့ကို အားပေး ကူညီရန် သူ့အား
သင်တို့ထံသို့ ငါ စေလွှတ်လိုက်ပါ၏။
၂၃။ အဖဘုရားသခင်နှင့်သခင်**ယေရှု**ခရစ်တော်သည်ညီ
အစ်ကိုအပေါင်းတို့အား ယုံကြည်ခြင်းနှင့်အတူငြိမ်း
ချမ်းသာယာခြင်း၊ ချစ်ခြင်းကိုပေးသနားတော်မူပါစေ
၂၄။ မည်သည့် အခါမျှမပျက်မပြယ်နိုင်သည့်မေတ္တာဖြင့်
ငါတို့သခင်**ယေရှု**ခရစ်တော်အား ချစ်ကြကုန်သော
သူ အပေါင်းတို့အပေါ်သို့ ဘုရားသခင်၏ ကျေးဇူး
တော် သက်ရောက်ပါစေသော်။